ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ SSE / NM / ၃၆ / ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁)ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ ၂၅-၁၀-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၂/၁/၁(၄)/ဦး ၁

(၂) ရေတပ်ပင်မတိုင်းတာရေးတပ်၊ သန်လျင်တပ်နယ်၊ ဆိပ်ကြီး၏ ၂၈-၁၀-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၃၃/၂၁-ခ/ရပတ/ဦး ၁

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တပ်မတော်(ရေ)မှ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်းအား မြန်မာ့ပင်လယ်ပြင်၏ သီးသန့်စီးပွားရေးဇုန်အတွင်း ၇-၁၁-၂၀၂၃ ရက်နေ့ ဂရင်းနစ်စံတော်ချိန် (၀၀:၀၀) နာရီ (၇-၁၁-၂၀၂၃ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀) နာရီ) မှ ၉-၁၁-၂၀၂၃ ရက်နေ့ ဂရင်းနစ်စံတော်ချိန် (၂၄:၀၀) နာရီ (၁၀-၁၁-၂၀၂၃ ရက်နေ့ မြန်မာ စံတော်ချိန် (၀၆:၃၀) နာရီ) အထိ အောက်ဖော်ပြပါဧရိယာအတွင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| Point | Latitude(N) | Longitude (E) |
|---|---|---|
| A | 11° 51′ | 96° 40′ |
| B | 11° 51′ | 97° 40′ |
| C | 12° 51′ | 97° 40′ |
| D | 12° 51′ | 96° 40′ |

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းပြုလုပ်စဉ်ကာလအတွင်း အထက်ဖော်ပြပါဧရိယာမှ (၅) မိုင်ပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

**အကြံပြုမှတ်ချက်။** ။ လေ့ကျင့်ခန်းဆောင်ရွက်နေစဉ်အတွင်း ၎င်းဧရိယာတစ်ဝိုက်၌ ဖြတ်သန်းမောင်းနှင်နေသော ရေယာဉ်များသည် တပ်မတော်(ရေ) သင်္ဘော "UMS KING KYAN SIT THAR" (Call sign. XYYD) သို့ VHF Channel 16(156.8 MHz) သို့မဟုတ် HF-80505 KHz USB တို့မှတစ်ဆင့် ဆက်သွယ်၍ လမ်းညွှန်ချက် တောင်းခံနိုင်ပါကြောင်း အကြံပြုအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)